# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ
## ( နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁၁/၂၀၁၀)
## ၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်
## (၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်)

[ ပြင်ဆင် : 25.01.2014, 15.12.2015 ]

Myanmar Law Information System (MLIS)

နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းရပ်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်ပေးရန် ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံတော် ၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို ချောမွေ့စွာ ဆောင်ရွက်နိုင်ရန် လည်းကောင်း၊ လွှတ်တော်အသီးသီးပေါ်ပေါက်လာသည့်အခါတွင်ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ဥပဒေနှင့်အညီ ဆောင် ရွက်နိုင်ရန်လည်းကောင်း သက်ဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းရန်လိုအပ်လာပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်ခေါ်ယူကျင်းပရာတွင် လွှတ်တော် ဆိုင်ရာလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည် ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့်အညီ ဤဥပဒေကို ပြဋ္ဌာန်းလိုက် သည်။

### အခန်း(၁)
### အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ပြဋ္ဌာန်းသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရ မည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပ**ဒေဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **လွှတ်တော်**ဆိုသည်မှာ ဤဥပဒေပါကိစ္စအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည် ထောင်စုလွှတ်တော်ကို ဆိုသည်။

(ဂ) **နာယက** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော် နာယကအဖြစ် တာဝန်ထမ်းဆောင်သော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကို ဆိုသည်။

(ဃ) **ဒုတိယနာယက** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကအဖြစ် တာဝန်ထမ်းဆောင် သော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကို ဆိုသည်။

(င)**လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့ကို ဆိုသည်။

(စ) **ပြည်ထောင်စုအဆင့်အဖွဲ့အစည်း** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအစိုးရအဖွဲ့၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ ဘဏ္ဍာရေးကော်မရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေ ပြဋ္ဌာန်း၍ အဆိုပါဥပဒေတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့် အဖွဲ့အစည်း များကို လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့ ကိုလည်းကောင်း ဆိုသည်။

(ဆ) **ပြည်ထောင်စုလွှတ်တော်ရုံး**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှု ကိစ္စအဝဝတို့ကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ရုံးကို ဆိုသည်။

(ဇ) **ပူးပေါင်းကော်မတီ**ဆိုသည်မှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦး ရေတူညီစွာပါဝင်သည့် ကော်မတီကို ဆိုသည်၊

(ဈ) **လွှတ်တော်အဖွဲ့အစည်းများ** ဆိုသည်မှာ ပုဒ်မ ၇-က နှင့် ၇-ခ တို့အရ လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို ဆိုသည်။

<ပြင်ဆင် 25.01.2014, 15.12.2015>

## အခန်း(၂)

## လွှတ်တော်

ဖွဲ့စည်းခြင်း

၃။ လွှတ်တော်ကို အောက်ပါလွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေများအရ ရွေးကောက်တင် မြှောက်သည့် ၃၃၀ ဦးထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည် သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့် ပြည်သူ့လွှတ်တော်၊

Myanmar Law Information System (MLIS)

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေများအရ ရွေးကောက်တင် မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦးတို့ဖြင့် ဖွဲ့စည်းသည့်အမျိုးသားလွှတ်တော်။

သက်တမ်း

၄။ လွှတ်တော်၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ ပြည်သူ့လွှတ် တော်၏သက်တမ်း ကုန်ဆုံးသောနေ့တွင် လွှတ်တော်၏သက်တမ်းသည်လည်း ကုန်ဆုံးသည်။

နာယကနှင့် ဒုတိယနာယက တာဝန်ထမ်းဆောင်ခြင်း

၅။ ပြည်သူ့လွှတ်တော်သက်တမ်းတစ်ခု စတင်သည့်နေ့ရက်မှ လပေါင်း ၃၀ ပြည့်မြောက်သည့်နေ့ရက်အ ထိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နာယကနှင့် ဒုတိယနာယကတာဝန်ကိုထမ်း ဆောင်ရမည်။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ပုဒ်မ ၅ အရ နာယကနှင့် ဒုတိယနာယကတာဝန် ကိုထမ်းဆောင်ပြီးနောက် ကျန်လွှတ်တော်သက်တမ်းကာလအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့သည် နာယကနှင့် ဒုတိယနာယကတာဝန်ကို ထမ်းဆောင်ရမည်။

၇။ နာယကသည် ယင်း၏တာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိလျှင် ဒုတိယနာယကသည် နာယကတာဝန် ကို ယာယီထမ်းဆောင်ရမည်။

လွှတ်တော်အဖွဲ့အစည်းများ

၇-က။ နာယကသည် လွှတ်တော်၏သဘောတူညီချက်ဖြင့် ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော် တို့မှ ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီများကို ပူးပေါင်းလျက်အောက်ပါ လွှတ် တော်ကော်မတီများကို ဖွဲ့စည်းရမည်-

(က) ဥပဒေကြမ်းပူးပေါင်းကော်မတီ၊

(ခ) ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ။

<ပြင်ဆင် 25.01.2014>

၇-ခ။ နာယကသည် လွှတ်တော်၏သဘောတူညီချက်ဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် တို့မှ ကိုယ်စားလှယ်ဦးရေတူညီစွာပါဝင်သည့် လိုအပ်သော အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို ဖွဲ့စည်းရာ၌ ယင်းတို့၏ အမည်၊ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ် မှတ်ပေးရမည်။

<ပြင်ဆင် 25.01.2014>

၇-ဂ။ ကော်မရှင်နှင့်အဖွဲ့များကို ဖွဲ့စည်းသည့်အခါ၌ လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများဖြင့်လည်းကောင်း ဖွဲ့စည်းနိုင်သည်။

<ပြင်ဆင် 25.01.2014>

Myanmar Law Information System (MLIS)

၇-ဃ။ လွှတ်တော်က ဖွဲ့စည်းသည့်အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့သည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး သက်ဆိုင်ရာလုပ်ငန်းကိစ္စရပ်များကို တာဝန်ခံဖြေကြားနိုင် သည့် ပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကိုသိရှိနားလည် သည်ဟု ယူဆရသူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့်လိုအပ်သည့် အချက်အလက်များကို တင်ပြစေခြင်းပြုနိုင်သည်။

<ပြင်ဆင် 25.01.2014>

၇-င။ လွှတ်တော်အဖွဲ့အစည်းများသည် လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေးကျင်းပ ချိန်မဟုတ်လျှင် နာယကကို တာဝန်ခံရမည်။

<ပြင်ဆင် 25.01.2014>

## အခန်း(၃)

## လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ကျင့်ဝတ်၊ စည်းကမ်း၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများ

တာဝန်များ

၈။ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) နိုင်ငံတော်နှင့်စပ်လျဉ်းသော လျှို့ဝှက်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) လွှတ်တော်သို့တင်သွင်းသော ဥပဒေကြမ်းများ၊ အဆိုများနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် ပြည် ထောင်စု၏ အကျိုးစီးပွားကိုသာ အဓိကထားခြင်း၊

(ဃ) နိုင်ငံသားများ၏ မူလအခွင့်အရေးများရရှိခံစားနိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်း၊

(င) နိုင်ငံတော်နှင့် မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်စေ ဘဲသက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(စ) မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံ ပြန်လည်ရှင်းလင်းတင်ပြခြင်း၊

(ဆ) မဲဆန္ဒရှင်များ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်း၊

(ဇ) လွှတ်တော်က ပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

<ပြင်ဆင် 25.01.2014>

လုပ်ပိုင်ခွင့်များ

၉။ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နာယက၏ခွင့်ပြုချက်ဖြင့် အဆိုများ တင်သွင်းခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်း၊

(ခ) လွှတ်တော်တွင် တင်ပြဆွေးနွေးသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအ ရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့် ယင်းတို့ကိုကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များ၏ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ဖြစ်စေ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် အချက်အလက်များရယူခြင်း၊

Myanmar Law Information System (MLIS)

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွှတ်တော်နှင့် လွှတ်တော်ပူးပေါင်းကော်မတီတို့တွင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိခြင်း၊

(ဃ) လွှတ်တော်အစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်ရန် နာယက၏သဘောတူညီ ချက်ဖြင့် ပြည်သူများကို ဖိတ်ကြားခြင်း။

<ပြင်ဆင် 25.01.2014>

ကျင့်ဝတ်နှင့် စည်းကမ်းများ

၁၀။ လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာရမည်-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးအချုပ်အခြာအာဏာ တည် တံ့ခိုင်မြဲရေးတို့ကို လိုက်နာစောင့်ထိန်းခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဤဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်း ခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့်လျော်ညီစွာ ပြုမူပြောဆိုဆက်ဆံနေထိုင်ခြင်း၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်း၊

(င) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် ခြိမ်းခြောက်မှုတို့ကို ရှောင်ကြဉ်ခြင်း၊

(စ) လွှတ်တော်အစည်းအဝေးများတွင် သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာဆောင်ရွက် ခြင်း။

<ပြင်ဆင် 25.01.2014>

ရပိုင်ခွင့်နှင့် အခွင့်အရေးများ

၁၁။ လွှတ်တော်ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွှတ်တော်နှင့် လွှတ်တော်ပူးပေါင်းကော်မတီတို့တွင် တင်ပြဆွေးနွေးဆောင်ရွက်ချက်များနှင့်စပ် လျဉ်း၍ ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(ခ) ပယ်ဖျက်

(ဂ) လွှတ်တော်အစည်းအဝေးတက်ရောက်နေစဉ်အတွင်း နာယက၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက-

(၁) ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(၂) တရားရုံး သို့မဟုတ် စုံစမ်းစစ်ဆေးမှုတစ်ခုခုက သက်သေအဖြစ် ဆင့်ခေါ်ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း။

(ဃ)လွှတ်တော်ပူးပေါင်းကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးတက်ရောက်နေစဉ်အတွင်း သက် ဆိုင်ရာ ပူးပေါင်းကော်မတီ၏ အကြီးအမှူးမှတစ်ဆင့် နာယက၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ဖမ်းဆီးခံရ ခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(င) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ နာယက၏ခွင့်ပြုချက်ဖြင့် လွှတ်တော်နှင့် လွှတ်တော်ပူးပေါင်းကော်မတီ အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိခြင်း။

<ပြင်ဆင် 25.01.2014, 15.12.2015>

## အခန်း(၄)

## လွှတ်တော်အစည်းအဝေးများ

ပုံမှန်အစည်းအဝေးများ

၁၂။(က) လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမ အစည်းအဝေး စတင်သည့်နေ့ရက်မှ ၁၅ ရက်အတွင်း ကျင်းပရမည်။ အမျိုးသားလွှတ်တော်သည်လည်း အဆိုပါကာလအတွင်း စတင်ကျင်းပပြီးဖြစ်ရမည်။

(ခ) လွှတ်တော်အစည်းအဝေးများကို နာယကက ခေါ်ယူကျင်းပရမည်။ လွှတ်တော်အစည်းအဝေး ကျင်းပရန် လိုအပ်သည့်အစီအစဉ်များကို နာယကက စီစဉ်ဆောင်ရွက်ရမည်။

<ပြင်ဆင် 25.01.2014>

၁၃။ လွှတ်တော်ပုံမှန်အစည်းအဝေးကို နာယက က တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရ မည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လ ထက်မပိုစေ ရ။

၁၄။ (က) နာယကသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန် အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးအဖွဲ့ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်း၍ ယင်းလွှတ်တော် သက်တမ်းအတွက် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီ ဖွဲ့စည်းပြီးသည်အထိ တာဝန်ပေးအပ်ရမည်။

(ခ) ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့သည် လွှတ်တော် ပထမ ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ် တော်ကိုယ်စားလှယ်များအား ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်တွင် ကတိသစ္စာပြုပြီး ခြင်း ရှိမရှိကို စိစစ်အတည်ပြုရမည်။

(ဂ) နာယကသည် သက်ဆိုင်ရာလွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးများတွင် လွှတ်တော်အခွင့် အရေးကော်မတီများ ဖွဲ့စည်းပြီးနောက် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီကို ယင်းလွှတ် တော်အခွင့်အရေးကော်မတီနှစ်ရပ်မှ သင့်လျော်သော ကော်မတီဝင်များဖြင့် ဖွဲ့စည်းပြီးလွှတ်တော်ကိုယ် စားလှယ် စိစစ်အတည်ပြုရေးလုပ်ငန်းတာဝန်ကို ဆက်လက်ဆောင်ရွက်စေရမည်။

(ဃ) ပုဒ်မခွဲ (က) အရဖွဲ့စည်းသော လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့သည် ပုဒ်မခွဲ (ဂ) အရ ဖွဲ့ စည်းပြီးသော လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီသို့ မိမိ၏ လုပ်ငန်းတာဝန်များကို လွှဲအပ်ရမည်။

<ပြင်ဆင် 25.01.2014, 15.12.2015>

အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးများ

၁၅။ လွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန် လိုအပ် လျှင် နာယက က ခေါ်ယူကျင်းပနိုင်သည်။

၁၆။ လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နာယကသည် လွှတ်တော်အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

၁၇။ လွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပပေးရန် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် နာယက က အထူးအစည်းအဝေးကို အမြန်ဆုံး ခေါ်ယူ ကျင်းပရမည်။

အစည်းအဝေးနေ့ရက်၊ အချိန်သတ်မှတ်ခြင်းနှင့်အထမြောက်ခြင်း

၁၈။ လွှတ်တော်အစည်းအဝေးများကို နာယက က သတ်မှတ်သည့်နေ့ရက်နှင့် အချိန်တွင် ကျင်းပရမည်။

၁၉။ လွှတ်တော်သက်တမ်းတစ်ခုအတွင်းကျင်းပသော လွှတ်တော်အစည်းအဝေးတစ်ရပ်ရပ်၏ ပထမနေ့ တိုင်း၌ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ ၏ ထက်ဝက်ကျော်ဦးရေတက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမ မြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

၂၀။ ပုဒ်မ၁၉ အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများ နှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံတက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

အစည်းအဝေး၌ ဆောင်ရွက်ရမည့်ကိစ္စရပ်များ

၂၁။ လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်-

(က) နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် နာယက က ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

(ဂ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(ဃ) လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ် လျဉ်း၍ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(စ) လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင် ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊

(ဈ) နာယက ကခွင့်ပြုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၂၂။ လွှတ်တော်၏ အဆုံးအဖြတ်ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့်ကိစ္စရပ်များနှင့် အ တည်ပြုချက်ရယူမည့်ကိစ္စရပ်များကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-



Myanmar Law Information System (MLIS)

(က) လွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(ခ) လွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလမဟုတ်လျှင် အနီးကပ်ဆုံးလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(ဂ) အမျိုးသားပြည်သူ့အကျိုးငှာ အလျင်အမြန် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

(ဃ) နာယကသည်လွှတ်တော်အစည်းအဝေးများတွင် အဆုံးအဖြတ်ရယူရာ၌ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုသည့် နည်းလမ်းဖြင့် သော်လည်းကောင်း၊ဆန္ဒမဲလက်မှတ်အသုံး ပြု၍ လျှို့ဝှက်စွာ ဆန္ဒမဲပေးသည့်နည်းလမ်းဖြင့် သော်လည်းကောင်း၊ မတ်တတ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့်သော်လည်းကောင်း၊ သင့်လျော်သည့် အခြားနည်းလမ်းတစ်ခုခုဖြင့်သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

<ပြင်ဆင် 25.01.2014>

မဲခွဲဆုံးဖြတ်ခြင်း

၂၃။ လွှတ်တော်အစည်းအဝေးများတွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲ ခွဲဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

၂၄။ လွှတ်တော်အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ နာယက သို့မဟုတ် နာယကတာဝန် ထမ်းဆောင်နေသည့် ဒုတိယနာယကသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်

၂၅။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ ဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ အခြားနိုင်ငံရေးပါတီတစ်ခုခုကို ထိခိုက်ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက် ဖျက်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့် စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း စသည့် ဆွေး နွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့တွင် တင်ပြဆွေးနွေးခြင်း၊ မေးခွန်း များမေးမြန်းခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ် တစ်ဦးအား၎င်းဥပဒေမှအပ အခြားဥပဒေ အရ အရေးယူခြင်းမပြုရ။

<ပြင်ဆင် 25.01.2014, 15.12.2015>

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ တင်ပြခွင့်

Myanmar Law Information System (MLIS)

၂၆။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့ အစည်းဝင်များသည်-

(က) နာယက၏ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ၊ အဆိုများ၊ မေးခွန်းများ သို့မဟုတ် အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိသည်။

(ခ) လွှတ်တော်က ဖွဲ့စည်းသည့် ပူးပေါင်းကော်မတီ၊ ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တစ်ရပ်ရပ်၏ အစည်းအဝေးသို့ ယင်းကော်မတီဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောဆိုဆွေးနွေးခွင့်ရှိသည်။

(ဂ) လွှတ်တော်ကော်မတီများက မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို မေးမြန်းလာပါက ဆောင်ရွက်မှုအခြေအနေ၊ ပြီးစီးမှု အခြေအနေနှင့် သတ်မှတ်ကာလအတွင်းမူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်းမရှိပါက ထိုသို့ ပြီးစီးခြင်းမရှိသည့် အကြောင်းရင်းကို ပြန်ကြားခွင့် ရှိသည်။

(ဃ) ကော်မတီများက လုပ်ငန်းတာဝန်နှင့် ဆက်စပ်သောကိစ္စအတွက် ဆွေးနွေးတင်ပြရန်ဖိတ်ကြားပါ က လာရောက်ရှင်းလင်း ဖြေကြားခွင့်ရှိသည်။

<ပြင်ဆင် 25.01.2014, 15.12.2015>

၂၇။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသည် လွှတ်တော်အစည်းအဝေးသို့ တင်ပြသင့်သော မိမိအဖွဲ့ အ စည်းနှင့် သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို နာယက၏ခွင့်ပြုချက်ဖြင့် တင်ပြနိုင်သည်။

<ပြင်ဆင် 25.01.2014>

၂၈။ လွှတ်တော်အစည်းအဝေးသို့ဖြစ်စေ၊ လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့်အ ဖွဲ့တစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရန်ဖိတ်ကြားခြင်းခံရသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကိုကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီ၊ ကော်မ ရှင်နှင့်အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ် မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ ဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏လုံခြုံရေး နှင့်လျှို့ဝှက်ချက်ကိုတိုက်ရိုက်သော်လည်း ကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မ ဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် များကိုဖောက်ဖျက် ခြင်း စသည့် ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာပြောဆိုခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များတွင်တင်ပြပြောဆိုမှုများနှင့်စပ် လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ဤဥပဒေမှအပအခြား ဥပဒေအရ အရေး ယူခြင်းမပြုရ။

<ပြင်ဆင် 25.01.2014, 15.12.2015>

Myanmar Law Information System (MLIS)

၂၉။ ပုဒ်မ ၂၅ နှင့် ၂၈ တို့တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာ တွင်ကိုယ်ထိလက်ရောက် ကျူးလွန်မှုများ ရှိခဲ့ပါက ယင်းတို့သည် လွှတ်တော်၏ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည်။

<ပြင်ဆင် 25.01.2014>

## အခန်း(၅)

## နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ

### နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်း

၃၀။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၀ အရ ဖွဲ့စည်းသော သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင် မြှောက်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

### ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဦးရေနှင့် ဝန်ကြီးဌာနအရေအတွက်ကို အဆုံးအဖြတ်ပေးခြင်း

၃၁။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၉၊ ပုဒ်မခွဲ (ခ) နှင့်အညီ ပြည်ထောင်စု တရားလွှတ် တော်ချုပ် တရားသူကြီးများဦးရေကိုလည်းကောင်း၊ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က) နှင့်အညီ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးရေကိုလည်းကောင်း၊ ပုဒ်မ ၂၀၁၊ ပုဒ်မခွဲ (က) နှင့်အညီ ပြည်ထောင်စု အစိုးရဝန်ကြီးဌာန အရေအတွက်ကိုလည်းကောင်း၊ ပုဒ်မ ၂၀၁၊ ပုဒ်မခွဲ (ခ) နှင့်အညီ ပြည်ထောင်စု ဝန်ကြီးဦးရေကိုလည်းကောင်း သတ်မှတ်ရေးအတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံ ထားရသူ၏ တင်ပြချက်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

၃၂။ လွှတ်တော်သည် ပုဒ်မ ၃၁ အရ ဆုံးဖြတ်သတ်မှတ်ထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များ ဦးရေသတ်မှတ်ချက်ကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် ပြည်ထောင်စုဝန်ကြီးဦးရေကိုလည်းကောင်း အခါအားလျော်စွာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဦးရေကို တိုးခြင်း၊ လျှော့ခြင်းပြုလုပ်လိုကြောင်း နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၏ တင်ပြချက်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

၃၃။ ပယ်ဖျက်

<ပြင်ဆင် 25.01.2014>

### ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ခန့်အပ်တာဝန်ပေးရန် သဘောတူညီချက်ရယူခြင်း

၃၄။ နာယကသည် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အောက်ပါပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၂၃၇၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၄၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မ၂၉၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ်(၁)၊ ပုဒ်မ ၃၂၁

နှင့် ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က) တို့နှင့် အညီ အမည်စာရင်း အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက် ရယူရမည်-

(က) ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊

(ခ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊

(ဃ) ပြည်ထောင်စုဝန်ကြီးများ၊

(င) ပြည်ထောင်စုရှေ့နေချုပ်၊

(စ) ပြည်ထောင်စုစာရင်းစစ်ချုပ်။

၃၅။ လွှတ်တော်သည် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပုဒ်မ ၃၄ အရ တင်ပြသော အမည်စာရင်းပါပုဂ္ဂိုလ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရည်အချင်းများနှင့် မပြည့်စုံ ကြောင်း အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာပုဂ္ဂိုလ်အား ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။

၃၆။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပုဒ်မ ၃၄ အရ တင်ပြသော အမည် စာရင်းပါပုဂ္ဂိုလ်များအနက် လွှတ်တော်၏သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ် ကို လွှတ်တော်သို့ ထပ်မံတင်ပြခွင့်ရှိသည်။

ကတိသစ္စာပြုခြင်း

၃၇။ လွှတ်တော်သည် ပုဒ်မ ၃၀ အရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင် မြှောက်ခံထားရသော ပုဂ္ဂိုလ်များအား လွှတ်တော်အစည်းအဝေးတွင် နာယက၏ရှေ့မှောက်၌ ကတိသစ္စာ ပြုစေရမည်။

၃၈။လွှတ်တော်သည် ပုဒ်မ ၃၄ အရ လွှတ်တော်၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးခြင်းခံရ သော ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မ ရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်း စစ်ချုပ်တို့အား လွှတ်တော်အစည်းအဝေးတွင် နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုစေရမည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း

၃၉။ နိုင်ငံတော်သမ္မတသည် သမ္မတသက်တမ်းအတွင်း ပုဒ်မ ၃၁ နှင့် ၃၂ တို့ပါ ကိစ္စများနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရန် တင်ပြနိုင်သည်။ လွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ တင်ပြချက် နှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

၄၀။ နိုင်ငံတော်သမ္မတသည် သမ္မတသက်တမ်းအတွင်း ပုဒ်မ ၃၄ ပါ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်တစ်ဦးဦးအား ခန့်အပ်တာဝန်ပေးနိုင်ရေးကိစ္စအတွက် လွှတ်တော်၏ သဘောတူညီချက်ရယူရန် တင် ပြနိုင်သည်။ လွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ တင်ပြချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောတူ ညီချက် ရယူရမည်။

၄၁။ လွှတ်တော်သည် ပုဒ်မ ၄ဂ အရ လွှတ်တော်၏ သဘောတူညီချက်ဖြင့် ထပ်မံခန့်အပ်တာဝန်ပေးခြင်း ခံရသော ပုဂ္ဂိုလ်များကို ပုဒ်မ ၃၈ နှင့်အညီ ကတိသစ္စာပြုစေရမည်။

## အခန်း(၆)

## ဥပဒေပြုခြင်း

ဥပဒေပြုခွင့်

၄၂။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၁ တွင် ဖော်ပြထားသော ပြည်ထောင်စု ဥပဒေပြုစာ ရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စု ၏ တစ်စိတ်တစ်ဒေသ အတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

၄၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ယင်းကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထား သည့် နည်းလမ်းများနှင့်အညီ လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

၄၃-က။ လွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်အစည်း အဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန်လိုအပ်ပါက ဥပဒေကြမ်းပူးပေါင်းကော်မတီ အား လေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် များကိုသတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီဥပဒေကြမ်းနှင့်အတူ လွှတ်တော်အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကိုပြုနိုင်သည်။ <ပြင်ဆင် 25.01.2014>

၄၄။ ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ဥပဒေပြုရန် လိုအပ်လျှင် လွှတ်တော်က ဥပဒေပြုခွင့်ရှိသည်။

၄၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ကိုဖြစ်စေ ဥပဒေပြုခွင့် အပ်နှင်းထားသော ကိစ္စများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြဋ္ဌာန်းပေးရန် လိုအပ်ပါက လွှတ် တော်က လိုအပ်သောဥပဒေကို ပြဋ္ဌာန်းပေးရမည်။

၄၆။ (က) ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုလျှင် ယင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြု သည်ဟု မှတ်ယူရမည်။

(ခ) ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါ က လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

Myanmar Law Information System (MLIS)

(ဂ) လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းကိုလည်းကောင်း၊ လွှတ်တော်ကအတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းကိုလည်းကောင်း နာယကသည်နိုင်ငံတော်သမ္မတထံ ပေးပို့ပြီးဖွဲ့စည်း ပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

<ပြင်ဆင် 25.01.2014>

နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်

၄၇။ လွှတ်တော်သည် ဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ-

(က) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်း မျဉ်းနှင့် စည်းကမ်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာ စာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

၄၈။ ဥပဒေတစ်ရပ်ကအပ်နှင်းသည့် လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှု ရှိရမည်။

၄၉။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်လုံးက နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ပါက ယင်းနည်းဥပဒေ၊ စည်း မျဉ်း သို့မဟုတ် စည်းကမ်းကို လွှတ်တော်က ပယ်ဖျက်သည် သို့မဟုတ် ပြင်ဆင်စေသည်ဟု မှတ်ယူရ မည်။

၅၀။ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရ မည်။

၅၁။ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းအရ ဆောင်ရွက်ခဲ့ပြီးသော အမှု ကိစ္စများကို ထိခိုက်ခြင်းမရှိစေရ။

## အခန်း(၇)

## ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်များ ထုတ်ပြန်ခြင်း

အတည်ပြုချက်ပေးခြင်း

၅၂။ လွှတ်တော်အစည်းအဝေးတစ်ခုနှင့်တစ်ခုအကြား နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိစ္စရပ် များမှအပ ချက်ချင်းအရေးယူဆောင်ရွက်ရန် လိုအပ်သော အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအတွက် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်တစ်ရပ် ထုတ်ပြန်ပြီး ယင်းအမိန့်ကို ရုပ်သိမ်း ခြင်းမရှိလျှင် အမိန့်ထုတ်ပြန်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကျင်းပသော အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေးသို့ဖြစ်စေ၊ ရက်ပေါင်း ၆၀ အတွင်း လွှတ်တော်အစည်းအဝေးကျင်းပရန် မရှိ လျှင် အထူးအစည်းအဝေး ခေါ်ယူကျင်းပစေ၍ဖြစ်စေ အတည်ပြုပေးရန် နိုင်ငံတော်သမ္မတက တင်ပြလာ လျှင် လွှတ်တော်သည် ယင်းအမိန့်ကို အတည်ပြု မပြု အဆုံးအဖြတ် ပေးရမည်။

Myanmar Law Information System (MLIS)

၅၃။ နိုင်ငံတော်သမ္မတသည် ပုဒ်မ ၅၂ အရ ထုတ်ပြန်ခဲ့သည့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ရုပ်သိမ်းပြီးဖြစ်စေကာမူ ထိုဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အနီးကပ်ဆုံး ကျင်းပမည့် လွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်ဖြစ်ပြီး ယင်းသို့ တင်ပြလာလျှင်လည်း လွှတ်တော်သည် ယင်းအမိန့်ကို အတည်ပြု မပြု အဆုံးအဖြတ်ပေးရမည်။

အချိန်ကာလသတ်မှတ်ခြင်း

၅၄။ လွှတ်တော်သည် နိုင်ငံတော်သမ္မတက ထုတ်ပြန်သည့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကို-

(က) အတည်ပြုရန် ဆုံးဖြတ်ပါက-

(၁) ယင်းအမိန့်ပါအာဏာတည်ရမည့် အချိန်ကာလကို အတည်ပြုရမည်။

(၂) ယင်းအမိန့်တွင် အချိန်ကာလ သတ်မှတ်ချက်မပါရှိပါက အာဏာတည်ရမည့် အချိန်ကာလကို သတ်မှတ်ပေးရမည်။

(၃) နိုင်ငံတော်သမ္မတ၏ တင်ပြချက်အပေါ် လွှတ်တော်၏သဘောတူညီချက်ဖြင့် ထိုဥပဒေကဲ့သို့ အာဏာ တည်သော အမိန့်ကို လိုအပ်သော ကာလအပိုင်းအခြားအထိ ဆက်လက်အတည်ဖြစ်စေနိုင်သည်။

(ခ) အတည်မပြုပါက ယင်းအမိန့်သည် အတည်မပြုသည့်နေ့ရက်မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်။ အာဏာတည်ခြင်း မရပ်စဲမီ ယင်းအမိန့်အရ နိုင်ငံတော်သမ္မတ၏ ဆောင်ရွက်ချက်များသည် အတည်ဖြစ် စေရမည်။

၅၅။ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်က ဆုံးဖြတ်ပိုင်ခွင့် မရှိသော ပြဋ္ဌာန်းချက်ပါရှိ၍ ယင်းသို့ပါရှိကြောင်းလွှတ်တော်က ဆုံးဖြတ်လျှင်သော်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂၊ ပုဒ်မခွဲ (ဂ) အရ စိစစ် ၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်လျှင်သော်လည်းကောင်း ယင်းပြဋ္ဌာန်း ချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

## အခန်း(၈)

## နယ်နိမိတ်ပြင်ဆင်သတ်မှတ်ခြင်း

၅၆။ နိုင်ငံတော်နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် လိုအပ်သဖြင့် နိုင်ငံတော်သမ္မတက လွှတ်တော်သို့ တင်ပြလာပါက လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၂ နှင့် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် အညီ ဆောင်ရွက်ရမည်။

၅၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်၏ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် လိုအပ်သဖြင့် နိုင်ငံတော်သမ္မတက လွှတ်တော်သို့ တင်ပြလာပါက လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၃ နှင့် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၅၈။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအ တွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင် ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ်

ပြည်နယ်ဝန်ကြီးချုပ်၏ထောက်ခံတင်ပြချက်အရ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ပေးရမည်။ ယင်းဆောင်ရွက်ချက်ကို အနီးကပ်ဆုံး ကျင်းပသော လွှတ်တော်အစည်းအဝေး၌ မှတ်တမ်းတင်နိုင်ရန် ပေးပို့ရမည်။

## အခန်း(၉)

## အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာဆက်ဆံရေးကိစ္စများ

စာချုပ်များနှင့် သဘောတူညီချက်များ

၅၉။ လွှတ်တော်သည် နိုင်ငံတော်သမ္မတက တင်ပြသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များကို အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက် ခြင်း၊ နုတ်ထွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

၆၀။ လွှတ်တော်သည် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များအနက် မည်ကဲ့သို့သော စာချုပ် သို့မဟုတ် သဘောတူညီချက်အမျိုး အစားကို လွှတ်တော်၏ အတည်ပြုချက်ရယူရန်မလိုဘဲ ချုပ်ဆိုခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့ ကို ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတအား လုပ်ပိုင်ခွင့်လွှဲအပ်ပေးနိုင်သည်။

၆၁။ (က) ပုဒ်မ ၅၉ အရ လွှတ်တော်က အဆုံးအဖြတ်ပေးရန် နိုင်ငံတော်သမ္မတက တင်ပြရမည့်စာချုပ် များနှင့် သဘောတူညီချက်များသည် ဇယား ၁ ပါအတိုင်းဖြစ်သည်။

(ခ) ပုဒ်မ ၆၀ အရ နိုင်ငံတော်သမ္မတက ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်များနှင့် သဘောတူညီချက်များ သည် ဇယား၂ ပါအတိုင်းဖြစ်သည်။

သံတမန်ဆက်ဆံရေး

၆၂။ လွှတ်တော်သည် နိုင်ငံတော်သမ္မတက တင်ပြသည့် နိုင်ငံခြားတိုင်းပြည်များနှင့် သံတမန်ဆက်သွယ် ခြင်း၊ သံတမန်အဆက်အသွယ် ဖြတ်တောက်ခြင်း ကိစ္စတို့နှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။ သို့ရာ တွင် ချက်ချင်းအရေးယူဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေမျိုး၌ နိုင်ငံတော်သမ္မတက အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းလျက် နိုင်ငံခြားတိုင်းပြည်တစ်ခုခုနှင့် သံတမန်အဆက်အ သွယ် ဖြတ်တောက်ပြီး ယင်း၏ အရေးယူဆောင်ရွက်ချက်ကို အတည်ပြုရန် တင်ပြလာလျှင် လွှတ်တော် က အဆုံးအဖြတ်ပေးရမည်။

ကာကွယ်ရေးနှင့် လုံခြုံရေး

၆၃။ နိုင်ငံတော်အား ကျူးကျော်တိုက်ခိုက်ခြင်းခံရလျှင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ နှင့် ညှိနှိုင်းလျက် စစ်ရေးအရ လိုအပ်သလို ဆောင်ရွက်ပြီး ယင်း၏ ဆောင်ရွက်ချက်ကို အတည်ပြုချက် ရယူရန် နိုင်ငံတော်သမ္မတက လွှတ်တော်သို့တင်ပြသည့်အခါ လွှတ်တော်သည် အစည်းအဝေးကျင်းပနေ ချိန်ဖြစ်လျှင် ယင်းအစည်းအဝေးတွင်လည်းကောင်း၊ အစည်းအဝေးကျင်းပနေချိန်မဟုတ်လျှင် လွှတ် တော်အရေးပေါ်အစည်းအဝေးခေါ်ယူ၍လည်းကောင်း အဆုံးအဖြတ်ပေးရမည်။



Myanmar Law Information System (MLIS)

၆၄။ စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက တင်ပြလာလျှင် လွှတ်တော် သည် သဘောတူ မတူ အဆုံးအဖြတ်ပေးရမည်။

**အခန်း(၁၀)**

**နိုင်ငံတော်သမ္မတနှင့် လွှတ်တော်ဆက်သွယ်ရေး**

၆၅။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နာယကသည် နိုင်ငံတော်သမ္မတအား ဖိတ်ကြား၍ လိုအပ်သည်များကို စီစဉ်ဆောင် ရွက်ပေးရမည်။

၆၆။ လွှတ်တော်သည် နိုင်ငံတော်သမ္မတအား အကြောင်းကြားရန်ရှိသောအခါ အောက်ဖော်ပြပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အကြောင်းကြားနိုင်သည်-

(က) လွှတ်တော်တွင် အဆိုတစ်ရပ် တင်သွင်းအတည်ပြုပြီးနောက် သဝဏ်လွှာအဖြစ်ဖြင့် နာယကထံမှ တစ်ဆင့် နိုင်ငံတော်သမ္မတထံပေးပို့ခြင်း၊

(ခ) လွှတ်တော်ကိုယ်စား နာယက က နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခြင်း။

**အခန်း(၁၁)**

**ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခွင့်**

ပြင်ဆင်ရန်ဥပဒေမူကြမ်းတင်သွင်းခြင်း

၆၇။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်လိုပါက အောက်ဖော်ပြပါ သတ်မှတ် ထားသော နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် တင်သွင်းသောအဆိုကို ဥပဒေမူကြမ်းအဖြစ်ဖြင့် တင်သွင်းရ မည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အဆိုတင်သွင်းသော ဥပဒေမူကြမ်းတွင် အခြားအဆိုများ မပါရှိစေရ။

၆၈။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် ဥပဒေမူကြမ်းကို လွှတ်တော်တွင် တင်သွင်းရမည်။

၆၉။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို လွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ် စုစု ပေါင်း၏ ၂၀ ရာခိုင်နှုန်းက တင်ပြလာလျှင် အဆိုပါ ပြင်ဆင်ချက်ဥပဒေမူကြမ်းကို လွှတ်တော်က လက်ခံ ဆွေးနွေးရမည်။

ဆန္ဒခံယူပွဲဖြင့်ပြင်ဆင်ခြင်း

၇၀။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆၊ ပုဒ်မခွဲ(က) ပါ အောက်ပါပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် လွှတ်တော်က သတ်မှတ်သည့်အတိုင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်-

(က) အခန်း(၁) ပုဒ်မ ၁ မှ ၄၈ ထိ၊

(ခ) အခန်း(၂) ပုဒ်မ၄၉ မှ ၅၆ ထိ၊



Myanmar Law Information System (MLIS)

(ဂ) အခန်း(၃) ပုဒ်မ ၅၉၊ ၆၀၊

(ဃ) အခန်း(၄) ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊

(င) အခန်း(၅) ပုဒ်မ ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆၊

(စ) အခန်း(၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၁၄၊ ၃၂၀၊

(ဆ) အခန်း(၁၁) ပုဒ်မ ၄၁၀ မှ ၄၃၂ ထိ၊

(ဇ) အခန်း(၁၂) ပုဒ်မ ၄၃၆။

လွှတ်တော်၏ဆုံးဖြတ်ချက်ဖြင့်ပြင်ဆင်ခြင်း

၇၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆၊ ပုဒ်မခွဲ(က) တွင် ဖော်ပြထားသည့်ပြဋ္ဌာန်းချက်များမှအပ အခြား ပြဋ္ဌာန်းချက်များကို လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။

## အခန်း(၁၂)
## အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်လွှတ်တော်

နယ်မြေဒေသတစ်ခုခုတွင် အရေးပေါ်အခြေအနေ ကြေညာခြင်းနှင့် လွှတ်တော်

၇၂။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၀ အရ တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေတစ်ခု သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတစ်စုတွင် အုပ်ချုပ်ရေး ဆိုင်ရာ လုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိ ကြောင်း သိရှိလျှင်ဖြစ်စေ၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းက တင်ပြ၍ သိရှိလျှင်ဖြစ်စေ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာကာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၁ အရ အရေးယူဆောင်ရွက်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၂၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (င) တို့နှင့်အညီ လွှတ်တော်သို့ တင်ပြရမည်။

၇၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၂ အရ တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေတစ်ခု သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတစ်စု သို့မဟုတ် ယင်းတို့ ၏ တစ်စိတ်တစ်ဒေသတွင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေပေါ်ပေါက်ကြောင်း သို့မဟုတ် ထိုသို့ ပေါ်ပေါက်ရန် လုံလောက်သောအကြောင်းရှိ ကြောင်း သိရှိရလျှင်ဖြစ်စေ ထိုသို့ ပေါ်ပေါက်ရန် လုံလောက်သောအကြောင်းရှိကြောင်း သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းက တင်ပြ၍ သိရှိရလျှင်ဖြစ်စေ နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၃ နှင့် ၄၁၄ တို့အရ အရေးယူ ဆောင်ရွက်ချက်များကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၁၂၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (င) တို့နှင့်အညီ လွှတ်တော်သို့တင်ပြရမည်။

နိုင်ငံတစ်ဝန်းလုံးတွင် အရေးပေါ်အခြေအနေကြေညာခြင်းနှင့် လွှတ်တော်

Myanmar Law Information System (MLIS)

၇၄။ (က) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၈ အရ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာသည့်နေ့မှစ၍ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ် ယူရမည်။ လွှတ်တော်သက်တမ်းကုန်ဆုံးသည့်အခါ လွှတ်တော်သည် အလိုအလျောက် ဖျက်သိမ်းပြီး ဖြစ် သည်ဟု မှတ်ယူရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရ အရေးပေါ်အခြေအနေ ကြေညာ၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သို့ နိုင်ငံတော်၏အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် ကိစ္စနှင့် စပ်လျဉ်းပြီး ဖွဲ့ စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၁၊ ပုဒ်မခွဲ (က) အရ လွှတ်တော်အစည်းအဝေးသို့ အစီရင်ခံတင်ပြရမည်။

၇၅။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းမပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြ၍ တင်ပြလာသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၁၊ ပုဒ်မခွဲ (ခ) အရ နိုင်ငံတော်သမ္မတက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လ ဖြင့် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် တိုးမြှင့်ပေးခဲ့သည့်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော် အရေးပေါ်အစည်း အဝေးသို့ အစီရင်ခံတင်ပြရမည်။

၇၆။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း နိုင်ငံတော်သမ္မတထံ တင်ပြချိန်တွင် လွှတ်တော်သက်တမ်း မကုန်ဆုံးသေးပါ က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၂ အရ နိုင်ငံတော်သမ္မတက လွှတ်တော် အရေးပေါ်အစည်းအဝေးတွင် အစီရင်ခံ တင်ပြရမည်။

၇၇။ မိမိအား ပေးအပ်ထားသောတာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာ ရရှိသည့်အခါ လွှတ်တော်သက်တမ်း ကုန်ဆုံးခြင်းမရှိသေးသ ဖြင့် နိုင်ငံတော်သမ္မတက လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အားလုံးနှင့် သက်ဆိုင်ရာ ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်း များ ယာယီရပ်ဆိုင်းထားခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၃ အရ ပယ်ဖျက်လျှင် လွှတ်တော်သည် ကျန်ရှိသော လွှတ်တော်သက်တမ်းအတွက် ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

## အခန်း(၁၃)
## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၇၈။ မည်သူမဆို အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင် ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ် စားလှယ်များမှအပ အခြားမည်သူမျှ နာယက၏ ခွင့်ပြုချက်မရရှိဘဲ လွှတ်တော်အစည်းအဝေးခန်းမအ တွင်းသို့ မဝင်ရ။



Myanmar Law Information System (MLIS)

(ခ) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် လွှတ်တော်အစည်းအဝေးခန်းမအတွင်းသို့ လိမ်လည်ပြောဆို ၍ သို့မဟုတ် သူတစ်ပါး အယောင်ဆောင်၍ ဝင်ရောက်ခြင်းမပြုရ။

(ဂ) လွှတ်တော်အစည်းအဝေးကျင်းပချိန်၌ဖြစ်စေ၊ အစည်းအဝေးကျင်းပချိန်အပြင်၌ဖြစ်စေ နာယက၏ ခွင့်ပြုချက်မရှိဘဲ သတ်မှတ်ထားသော လွှတ်တော်ပရဝဏ်အတွင်း ညဥ့်အိပ်ညဥ့်နေ မပြုရ။

၇၉။ မည်သူမဆို အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင် ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) သတ်မှတ်ထားသော လွှတ်တော်ပရဝဏ်အတွင်း ဆန္ဒပြခြင်း သို့မဟုတ် တစ်နည်းနည်းအားဖြင့် ဆူပူနှောင့်ယှက်ခြင်းမပြုရ။

(ခ) လွှတ်တော် သို့မဟုတ် လွှတ်တော် ပူးပေါင်းကော်မတီတစ်ရပ်က ဆွေးနွေးမေးမြန်းရန် ဖိတ်ခေါ်ခြင်း ခံရသူတစ်ဦးအား မတရားသြဇာလွှမ်းမိုးခြင်း၊ သွေးဆောင်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းမပြုရ။

(ဂ) လွှတ်တော်အစည်းအဝေးခန်းမ၌ဖြစ်စေ၊ လွှတ်တော် ပရဝဏ်အတွင်း၌ဖြစ်စေ လွှတ်တော်ကိုယ်စား လှယ်တစ်ဦးအား ကိုယ်ထိလက်ရောက်ပြုခြင်း သို့မဟုတ် အနှောင့်အယှက်ပေးခြင်းမပြုရ။

(ဃ) လွှတ်တော်ကိစ္စရပ်များဆောင်ရွက်ရန် တာဝန်ပေးထားသော ဝန်ထမ်းတစ်ဦးသို့မဟုတ် လွှတ်တော် လုံခြုံရေးတာဝန်ရှိသူတစ်ဦးအားယင်း၏ တာဝန်ဝတ္တရားများ ဆောင်ရွက်ရာ၌ နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်းမပြုရ။

(င) လွှတ်တော် သို့မဟုတ် လွှတ်တော်ပူးပေါင်းကော်မတီတစ်ရပ်ကို လိမ်လည်လှည့်ဖြားရန် အကြံဖြင့် အတုပြုလုပ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားများကို တင်ပြခြင်းမပြုရ။

(စ) လျှို့ဝှက်စွာထိန်းသိမ်းထားရှိရမည့် လွှတ်တော်ဆိုင်ရာစာရွက်စာတမ်းများ၊ အကြောင်းအရာများ၊ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ ရုပ်ပုံကားချပ်များနှင့် အခြားအထောက်အထားများကို ပြင်ပသို့ ပေါက်ကြားစေရန် ပြောဆိုခြင်း၊ ရေးသားခြင်း၊ ပုံနှိပ်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆက်သွယ်ပေးပို့ခြင်းမပြုရ။

(ဆ) လွှတ်တော်အစည်းအဝေးခန်းမ၌ဖြစ်စေ၊ လွှတ်တော်ပရဝဏ်အတွင်း၌ဖြစ်စေ ခွင့်ပြုထားသူမှအပ လက်နက် ယူဆောင်လာခြင်းမပြုရ။

၈၀။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပုဒ်မ ၇၈ နှင့် ၇၉ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ပြည်ထောင်စုလွှတ်တော်ရုံးက နာယက၏ ခွင့်ပြုချက်ရယူပြီး သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ် မဟုတ်သော ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မ ၇၈ နှင့် ၇၉ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ပြည်ထောင်စုလွှတ်တော်ရုံးက သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်။

<ပြင်ဆင် 25.01.2014>

Myanmar Law Information System (MLIS)

၈၁။ ဤအခန်းပါ ပြစ်မှုများကို ရဲ အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

## အခန်း(၁၄)

## အထွေထွေ

၈၂။ ဤဥပဒေ၊ နည်းဥပဒေများအရ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။

၈၃။ (က) လွှတ်တော်၏ရုံးလုပ်ငန်းနှင့်အုပ်ချုပ်မှုကိစ္စအဝဝကို ပြည်ထောင်စုလွှတ်တော်ရုံးကတာဝန်ယူ ဆောင်ရွက်ရမည်။

(ခ) လွှတ်တော်သည်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ လွှတ်တော်ဆိုင်ရာလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ထမ်းဖွဲ့စည်းပုံ နှင့်အညီ လိုအပ်သော ရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရုံးဝန်ထမ်းများခန့်အပ်တာဝန်ပေးခြင်း တို့ကို လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်ရုံးသည် လွှတ်တော်၏ရုံးလုပ်ငန်းနှင့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းကိုရေးဆွဲပြုစုပြီးဘဏ္ဍာရေးကော်မရှင်နှင့် လွှတ် တော်သို့တင်ပြရမည်။

<ပြင်ဆင် 25.01.2014>

၈၃-က။ နှစ်စဉ်ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် လွှတ်တော်မဲဆန္ဒနယ်မြေအ လိုက်ခွဲဝေသတ်မှတ်သည့် နယ်မြေဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေကို သက်ဆိုင်ရာပြည်သူ့လွှတ်တော်ကိုယ်စား လှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ် စားလှယ်များသည် ဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး ဥပဒေနှင့်အညီသုံးစွဲခွင့်ရှိသည်။

<ပြင်ဆင် 25.01.2014, 15.12.2015>

၈၄။ လွှတ်တော်ကသော်လည်းကောင်း၊ လွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။

၈၄-က။ လွှတ်တော်၏ဆောင်ရွက်ချက်နှင့်မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ လွှတ်တော်၏ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကိုထုတ်ပြန်ခြင်းမပြုရ။

<ပြင်ဆင် 25.01.2014>

၈၄-ခ။ နာယကသည် လွှတ်တော်ရေးရာကိစ္စများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ ငှာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ကို လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်။

<ပြင်ဆင် 25.01.2014>

၈၄-ဂ။ လွှတ်တော်သည် လွှတ်တော်ရေးရာကိစ္စများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာလွှတ်တော်များ၊ ပြည်တွင်းပြည်ပလွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ နှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

<ပြင်ဆင် 25.01.2014>

၈၅။ ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုလုပ်နိုင်သည်။ ပြည်ထောင်စုလွှတ်တော်က ရုပ်သိမ်းခြင်းမပြုလုပ်သရွေ့ ဤဥပဒေသည် အတည်ဖြစ်သည်။

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွှတ်တော်သည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

<ပြင်ဆင် 25.01.2014>

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

----- **Attachment** -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ဇယား(၁) လွှတ်တော်၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်များနှင့် သဘောတူညီချက်များ {ပုဒ်မ ၆၁ (က)}

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ဇယား(၂) လွှတ်တော်၏အတည်ပြုချက်ရယူရန်မလိုဘဲ နိုင်ငံတော်သမ္မတက ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်များနှင့် သဘောတူညီချက်များ {ပုဒ်မ ၆၁ (ခ)}

Myanmar Law Information System (MLIS)